# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
# တိုကျိုမြို့

## အသိပေးကြေညာချက်

၁။ မြန်မာသံရုံး၊ တိုကျိုမြို့အနေဖြင့် အစိုးရရုံးပိတ်ရက်များမှအပ သံရုံးအားပုံမှန်ဖွင့်လှစ်၍ မြန်မာနိုင်ငံသားအကျိုးဆိုင်ရာ ကောင်စစ်ဝန်ဆောင်မှုလုပ်ငန်းများကို လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး၊ မြန်မာသံရုံးဝန်ထမ်းများမှလည်း ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ ပုံမှန်ရုံးတက်၍ ရုံးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါသည်။

၂။ ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားကူးစက်မှုများကြောင့် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ခြင်းမရှိသည့် မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန်အတွက် All Nippon Airways(ANA) လေကြောင်းလိုင်းနှင့် ညှိနှိုင်းဆောင်ရွက်မှုလုပ်ငန်းများကိုလည်း အရှိန်အဟုန်မပျက်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် All Nippon Airways(ANA) လေကြောင်းလိုင်းနှင့် ကယ်ဆယ်ရေးလေယာဉ် ပြန်လည်ပြေးဆွဲနိုင်မည့်နေ့ရက်ကို အတည်ပြုသိရှိရပါက အချိန်နှင့်တပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

မြန်မာသံရုံး၊ တိုကျိုမြို့
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့။